# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# မီးသတ်တပ်ဖွဲ့ဥပဒေ

## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၇)

## ၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

## (၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မီးသတ်တပ်ဖွဲ့ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ခ) **အရန်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဂ) **သီးသန့်မီးသတ်တပ်ဖွဲ့** ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဃ) **မီးသတ်ကိရိယာ** ဆိုသည်မှာ မီးသတ်ရာ၌ အသုံးပြုသည့် မီးသတ်ဆေးဘူး၊ မီးသတ်စက်၊ ရေစုပ်စက်၊ ယာဉ်အမျိုးမျိုး၊ ဆက်သွယ်ရေးကိရိယာ၊ အသက်ကယ်ကိရိယာ သို့မဟုတ် မီးသတ်ရန် အသုံးပြုနိုင်သော ပစ္စည်းကို ဆိုသည်။

(င) **မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း** ဆိုသည်မှာ ဝါး၊ ခနိ၊ သက်ငယ်၊ အုန်းဆံ၊ ဂုန်လျှော်၊ ဝါဂွမ်း၊ လွှစာ၊ ဖွဲ၊ မြက်ခြောက်၊ ကောက်ရိုး၊ မီးသွေး၊ ကျောက်မီးသွေး၊ ပလတ်စတစ်ပစ္စည်း၊ လောင်စာဆီအမျိုးမျိုး၊ ဓာတ်ငွေ့၊ ဓာတ်ငွေ့ရည်၊ ဆေးမြည့်နေသော သို့မဟုတ် အခြားနည်းဓာတ်ကူးနေသော လျှပ်စစ်မီးကြိုး၊ အရက်ပုံ၊ ကတ္တရာစေး၊ ဖယောင်းအမျိုးမျိုး သို့မဟုတ် ငရဲမီးကို ဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း အဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်၊

(စ) **မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်း** ဆိုသည်မှာ မီး၊ လျှပ်စစ်ဓာတ်အား၊ ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ စက်သုံးဆီ သို့မဟုတ် မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်းကို အသုံးပြုသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ လုပ်ငန်းနှင့် ဆက်စပ်သောနေရာ၊ အဆောက်အအုံ သို့မဟုတ် ယာဉ်လည်း ပါဝင်သည်၊

(ဆ) **ပေါက်ကွဲစေတတ်သည့် ပစ္စည်း** ဆိုသည်မှာ ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ ယမ်းအမျိုးမျိုး သို့မဟုတ် ယမ်းအသုံးပြုထားသော ပစ္စည်းအမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် မီးသတ်ဦးစီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ပေါက်ကွဲစေတတ်သည့် ပစ္စည်းအဖြစ် သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်၊

(ဇ) **ဗဟိုကော်မတီ** ဆိုသည်မှာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဗဟိုကော်မတီကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်၊

(ည) **ဝန်ကြီး** ဆိုသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဍ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်၊

(ဎ) **မီးသတ်တာဝန်ခံ** ဆိုသည်မှာ ဒေသတစ်ခုခုတွင် တာဝန်ချထားခြင်းခံရသည့် အဆင့်အမြင့်ဆုံး မီးသတ်ဝန်ထမ်း သို့မဟုတ် မီးသတ်ဝန်ထမ်းမရှိသောဒေသတွင် မီးသတ်ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်ကို ဆိုသည်။

(ဏ) **မီးသတ်ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်၊ တိုင်း၊ ခရိုင် သို့မဟုတ် မြို့နယ် မီးသတ်ဦးစီးဌာန၏ အကြီးအကဲကို ဆိုသည်၊

(တ) **မီးသတ်ဝန်ထမ်း** ဆိုသည်မှာ မီးသတ်ဦးစီးဌာနတွင် ခန့်ထားခြင်းခံရသော ဝန်ထမ်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်တားဆီးရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးရန်၊

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ တားဆီးရေး၊ ငြိမ်းသတ်ရေး၊ ကယ်ဆယ်ရေးတို့အတွက် မီးသတ်တပ်ဖွဲ့နှင့်အတူ အရန်မီးသတ်တပ်ဖွဲ့များ၊ သီးသန့်မီးသတ်တပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်။

## အခန်း (၃)

## မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၀န်ကြီးဌာနသည် -

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ<br>ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၃) | မီးသတ်လုပ်ငန်းကို စိတ်ပါဝင်စားသည့်<br>စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်။

၅။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၄)
## ဇဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ဇဟိုကော်မတီသည် တာဝန်နှင့် လုပ်ပိုင်ခွင့်များ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) မီးလောင်မှုဖြစ်ပွားသည့်အခါ ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ် သို့မဟုတ် ကပ်ရောဂါ ဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်သည့်အခါတားဆီးရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များ ပါဝင်ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့်သီးသန့်မီးသတ်တပ်ဖွဲ့တို့၏ လုပ်ငန်းများကို စစ်ဆေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(စ) ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းငွေများ၊ ပစ္စည်းများ လက်ခံရယူခြင်း၊ ယင်းလှူဒါန်းငွေများ၊ ပစ္စည်းများကို မီးဘေးအန္တရာယ်၊ သဘာဝအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အပြည်ပြည်ဆိုင်ရာ မီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

## အခန်း (၅)
## မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်း

၇။ ဗဟိုကော်မတီသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်ကို သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ပြည်နယ်၊ တိုင်း မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊

(ခ) ခရိုင်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊

(ဂ) မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးကြိုတင်ကာကွယ်တားဆီးရေး အဖွဲ့။

၈။ ဗဟိုကော်မတီသည် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ ကို သတ်မှတ်ပေးရမည်။

## အခန်း (၆)
## အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၉။ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကျရောက်သည့်အခါတွင် လည်းကောင်း၊ မီးသတ်ပညာရပ်များ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေး အတွက် လှုံ့ဆော်ပညာပေးရာတွင် လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ စေတနာ့ဝန်ထမ်း ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ဦးစီးဌာနသည် အရန် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းထားရှိရမည်။

၁၀။ မီးသတ်ဦးစီးဌာနသည် -

(က) အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲထားရှိရမည်၊

(ခ) အရန်မီးသတ်တပ်ဖွဲ့ဝင် အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်၊

(ဂ) အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားရေးနှင့် နည်းပညာများ ရရှိရေးတို့အတွက် ဆောင်ရွက်ပေးရမည်၊

(ဃ) အရန်မီးသတ်တပ်ဖွဲ့ အဆင့်ဆင့်၏ ရန်ပုံငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ်ပေးရမည်။

၁၁။ အသက် ၁၆ နှစ်ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည်။

၁၂။ မီးသတ်ဦးစီးဌာနသည် အရန်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း (၇)
## သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခြင်း

၁၃။ မီးသတ်ဦးစီးဌာနသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများ၌ သီးသန့်မီးသတ်တပ်ဖွဲ့များကို ဖွဲ့စည်းထားရှိရန် သက်ဆိုင်ရာ ပိုင်ရှင်သို့မဟုတ် စီမံခန့်ခွဲသူအား ညွှန်ကြားရမည်။

၁၄။ မီးသတ်ဦးစီးဌာနသည် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနနှင့် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများတွင် သတ်မှတ်ချက်များနှင့်အညီ သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းခွင့်ပြုနိုင်သည်။

၁၅။ သီးသန့်မီးသတ်တပ်ဖွဲ့သည် -

(က) သက်ဆိုင်ရာ မီးသတ်ဦးစီးဌာနမှူး၏ ကြီးကြပ်မှုနှင့် စစ်ဆေးမှုကို ခံယူရမည်၊

(ခ) မီးဘေးကြိုတင်ကာကွယ်တားဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း၊ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် ကျရောက်သည့်အခါတွင် လည်းကောင်း သက်ဆိုင်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရမည်၊

(ဂ) မီးသတ်ပညာများ လေ့ကျင့်ရေး၊ ကျွမ်းကျင်မှုရရှိရေးနှင့် နည်းပညာများရရှိရေးအတွက် မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုကို ခံယူရမည်။

## အခန်း (၈)

## မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ

၁၆။ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ အဆင့်ဆင့်သည် -

(က) ဗဟိုကော်မတီက ချမှတ်ထားသော လုပ်ငန်းစဉ်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်၊

(ခ) မီးဘေးကြိုတင် ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုရရှိရန် ပညာပေးစည်းရုံးခြင်း ပြုရမည်၊

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ် ကျရောက်သည့်အခါ ဗဟိုကော်မတီက ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲရမည်။

၁၇။ မြို့နယ်မီးသတ်ဦးစီးဌာနမှူးသည် -

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာရမည့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော ညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများ လိုက်နာခြင်း ရှိမရှိ လိုအပ်သလို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း ပြုရမည်။

၁၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အောက်ပါကိစ္စရပ်များအတွက် ခွင့်ပြုမိန့်ထုတ်မပေးမီ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောတူညီချက်ကို ရယူရမည် -

(က) ၃ ထပ်နှင့် အထက်ရှိ အဆောက်အအုံများ၊ စုပေါင်းပိုင်အိမ်ရာများ ဆောက်လုပ်ခြင်း၊

(ခ) ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ သို့မဟုတ် တည်းခိုရိပ်သာ လုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းအတွက် သိုလှောင်ကန်နှင့် သိုလှောင်ရုံများဆောက်လုပ်ခြင်း သို့မဟုတ် တည်ဆောက်ခြင်း၊

(ဃ) မီးဘေးအန္တရာယ်ဖြစ်စေတတ်သည့် ပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သည့် ပစ္စည်းကိုအသုံးပြု၍ မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းလုပ်ကိုင်ခြင်း၊

(င) မီးသတ်ကိရိယာများ ထုတ်လုပ်ရောင်းချခြင်း၊

(စ) အများပြည်သူသုံးယာဉ်များ၊ မီးရထား၊ လေယာဉ်၊ ရဟတ်ယာဉ်၊ ရေယာဉ်၊ သင်္ဘော၊ တုံကင်း၊ လှေကြီး၊ သမ္ဗာန်ကြီး သို့မဟုတ် မော်တော်တို့ကို အသုံးပြု၍ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း။

၁၉။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ မီးသတ်ဦးစီးဌာန၏ သဘောထားကို ရယူရမည်။

၂၀။ အများပြည်သူဆိုင်ရာ နေရာတွင် ကျင်းပမည့် ပြပွဲ၊ ပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း သို့မဟုတ် မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးနိုင်သူသည် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ သက်ဆိုင်ရာ မီးသတ်ဦးစီးဌာန၏ သဘောထားရယူရမည်။

## အခန်း (၉)
## မီးလောင်မှုနှင့် စပ်လျဉ်းသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၁။ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ မီးငြိမ်းသတ်ရေးနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခွင့်ရှိသည် -

(က) လျှပ်စစ်မီးဖြတ်တောက်ခြင်း၊

(ခ) မီးသတ်ယာဉ်များ အလွယ်တကူဝင်ထွက်သွားလာနိုင်ရေးအတွက် လမ်းများရှင်းလင်းခြင်း၊

(ဂ) ထိရောက်စွာ မီးငြိမ်းသတ်နိုင်ရေးအတွက် လိုအပ်သည့် နေအိမ်၊ ဥပစာ၊ အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခြင်း၊

(ဃ) မီးကူးစက်ရန် အကြောင်းရှိသည့် နေအိမ်၊ ဥပစာ၊ အဆောက်အအုံများကို လိုအပ်သည့် အတိုင်းအတာအထိ ဖြိုဖျက်ခြင်း၊

(င) ရေရရှိရေးအတွက် မည်သည့်နေရာ၊ ရေတွင်းရေကန်၌မဆို ရေရယူခြင်းနှင့် ရေပိုမိုရရှိနိုင်ရန် အခြားပိုက်လိုင်းများကို ပိတ်ဆို့ခြင်း၊

(စ) မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် မည်သည့်ယာဉ်ကိုမဆို ရယူအသုံးပြုခြင်း။

၂၂။ မြို့နယ်မီးသတ်ဦးစီးဌာနမှူးသည် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်း၊ မီးလောင်ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်း

စစ်ဆေးရမည်။ ယင်းစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ပြည်နယ်၊ တိုင်း မီးသတ်ဦးစီးဌာနမှူးမှ တစ်ဆင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၂၃။ (က) ဝန်ကြီးသည် မည်သည့် မီးလောင်မှုကိုမဆို စုံစမ်းစစ်ဆေးတင်ပြစေရန် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းသည့်အခါ ပုဒ်မ ၂၂ အရ ပြုလုပ်သော စုံစမ်းစစ်ဆေးခြင်းကို ရပ်ဆိုင်း၍ စုံစမ်းစစ်ဆေးပြီးသမျှကို စုံစမ်းစစ်ဆေးရေးကော်မတီသို့ လွှဲအပ်တင်ပြရမည်။

## အခန်း (၁၀)
## ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၄။ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်

(က) မြို့ပြ၊ ကျေးရွာတည်ဆောက်ရေးနှင့် မြို့ပြ၊ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများတွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ အကြံဉာဏ်ပေးခြင်း၊

(ခ) မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ဂ) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များအား ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊

(ဃ) မီးသတ်သင်တန်းများ ဖွင့်လှစ်ခြင်း၊

(င) မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်တွင်းပြည်ပသင်တန်းများ တက်ရောက်စေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) မီးငြိမ်းသတ်ရာတွင်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရာတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သော မီးသတ်

တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူတို့အား ဆုချီးမြှင့်ခြင်း သို့မဟုတ် ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ ထောက်ခံတင်ပြခြင်း၊

(ဆ) မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဦးသည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါဘေးအန္တရာယ် သို့မဟုတ် အခြား ရုတ်တရက်ဖြစ်ပွားသော ဘေးအန္တရာယ်ကို တားဆီးကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိပါက သတ်မှတ်ချက်များနှင့်အညီ လျော်ကြေး သို့မဟုတ် ကရုဏာကြေး ရရှိစေရန် ဆောင်ရွက်ခြင်း၊

(ဇ) မီးဘေးအန္တရာယ်ကို ပြည်သူများ နားလည်သဘောပေါက်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) မီးသတ်လုပ်ငန်း၊ ခေတ်မီမီးသတ်အတတ်ပညာတို့နှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်စေခြင်း၊

(ည) အရန်မီးသတ်တပ်ဖွဲ့ဦးရေ တိုးတက်များပြားလာစေရေးအတွက် စည်းရုံးဆောင်ရွက်ခြင်း၊

(ဋ) အပြည်ပြည်ဆိုင်ရာ မီးသတ်အဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီက ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## တားမြစ်ချက်များ

၂၅။ မည်သူမျှ သက်ဆိုင်ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှူးက ပုဒ်မ ၁၇ အရ ထုတ်ပြန်သည့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၆။ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ -

(က) သီးသန့်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ပစ္စည်းကိရိယာများကို ထားရှိရန် ပျက်ကွက်ခြင်း မရှိစေရ။

၂၇။ မည်သူမျှ မီးလောင်မှုဖြစ်ပွားခြင်းမရှိကြောင်း သိရှိလျက်နှင့် မီးလောင်မှုဖြစ်ပွားကြောင်း မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့သို့ လိမ်လည်၍ သတင်းပေးတိုင်ကြားခြင်း မပြုရ။

၂၈။ မည်သူမျှ မီးလောင်မှုဖြစ်ပွားသည့်အခါ သက်ဆိုင်ရာ မီးသတ်တာဝန်ခံကဖြစ်စေ၊ သက်ဆိုင်ရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးအပ်ခြင်းခံရသော မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးဦးကဖြစ်စေ ပုဒ်မ ၂၁ ပါ လုပ်ပိုင်ခွင့်တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၉။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်မရရှိဘဲ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုရ။

၃၀။ မည်သူမျှ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်အရ ဖွဲ့စည်းတည်ထောင်ထားသော အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ကို ယင်းဦးစီးဌာန၏ သဘောတူညီချက်မရရှိဘဲ ဖျက်သိမ်းခြင်းမပြုရ။

၃၁။ မီးလောင်မှုဖြစ်ပွားရာတွင် တာဝန်ထမ်းဆောင်နေသော မီးသတ်တပ်ဖွဲ့ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် မည်သူမျှ ပိုင်ရှင်ခွင့်မပြုသော ပစ္စည်း၊ တံစိုးလက်ဆောင် သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာကို အဂတိလိုက်စားသော နည်းဖြင့် ဖြစ်စေ၊ မသမာသော နည်းဖြင့် ဖြစ်စေ ရယူခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၃။ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန သို့မဟုတ် မီးဘေးအန္တရာယ်စိုးရိမ်ရသော လုပ်ငန်းပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူသည် ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ် အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၅ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ သို့မဟုတ် သီးသန့်မီးသတ်တပ်ဖွဲ့ဝင် မည်သူမဆို ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

## အခန်း (၁၃)

## အထွေထွေ

၃၈။ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကိစ္စအလို့ငှာ လိုအပ်သည့် စစ်ဆေးဆောင်ရွက်ချက်များအတွက် ဝန်ဆောင်ခကို သတ်မှတ်ချက်များနှင့်အညီ မီးသတ်ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၃၉။ မီးလောင်မှုဖြစ်ပွားရာတွင် သဘောရိုးဖြင့် မီးငြိမ်းသတ်ခြင်းကြောင့် ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုအတွက် မည်သူ့ကိုမျှ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုခွင့် မရှိစေရ။

၄၀။ အရန်မီးသတ်တပ်ဖွဲ့ဝင်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တို့သည် ဤဥပဒေ သို့မဟုတ် ဤဥပဒေအရပြုသည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သောအခါတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၄၁။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့တို့သည် ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များဖြစ်သည်ဟု မှတ်ယူရမည်။

၄၂။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင် သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးဌာန၊ ဗဟိုကော်မတီ သို့မဟုတ် မီးသတ်ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၄။ ၁၉၆၃ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ)

သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့